Accountability to Affected Populations and
Community Engagement
Working Group, Myanmar
ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်းနှင့်
ရပ်ရွာလူထုနှင့်လက်တွဲလုပ်ဆောင်ရေး လုပ်ငန်းအဖွဲ့

# ၂၀၂၃ ခုနှစ် လုပ်ငန်းစီမံချက်

ဤလုပ်ငန်းစီမံချက်ကို ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်ရေးလုပ်ငန်းအဖွဲ့၏ တာဝန်နှင့်ဝတ္တရားများ (AAP/CE WG ToR) ကို အခြေခံ၍ တည်ဆောက်ထားပါသည်။ ဤလုပ်ငန်းစီမံချက်ကို ပြောင်းလဲရန် လိုအပ်ပါက သို့မဟုတ် ၂၀၂၃ ခုနှစ်တွင် ရင်းမြစ်များ ရရှိလာပါက/တက်ကြွစွာ ပါဝင်လာပါက ပြန်လည်သုံးသပ်၍ မွမ်းမံပြင်ဆင်ရန် ရည်ရွယ်ထားပါသည်။ ဤလုပ်ငန်းစီမံချက်သည် ၂၀၂၃ ခုနှစ်တွင် AAP/CE ဆိုင်ရာ လုပ်ငန်းကို အာရုံစိုက်ဆောင်ရွက်ရန်နှင့် တိုက်ရိုက်အကျိုးရလဒ်များ ထွက်ရှိစေရန်အတွက် လမ်းညွှန်စာတမ်းတစ်စောင်အဖြစ် ထောက်ပံ့ပေးပါသည်။

ဤလုပ်ငန်းစီမံချက်တွင် ပါဝင်သော ရပ်ရွာလူထုအတွက် ဟစ်သံစင်မြင့် (Community Voices Platform) အစီအစဉ်သည် အီသီယိုပီးယားနိုင်ငံ (Ethiopia) တွင် ဖော်ထုတ်ခဲ့သည့် လုပ်ငန်းစဉ်တစ်ရပ်ကို စံပြုပုံစံယူထားခြင်းဖြစ်သည်။ ဤအစီအစဉ်အကြောင်းနှင့် မြန်မာနိုင်ငံတွင်ယင်းအစီအစဉ်အား အသုံးချနိုင်မှုတို့ကို ၂၀၂၂ ခုနှစ်တွင် အသေးစိတ်ဆွေးနွေးခဲ့ကြပါသည်။ ဤအစီအစဉ်သည် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများအားလုံးတွင် ပိုမိုပြည့်စုံသော AAP/CE ပုံစံဖြစ်ပေါ်စေရေးအတွက် လက်ရှိအချက်အလက်များကို စုစည်းပေါင်းစပ်ပေးပါလိမ့်မည်။ အခြေအနေများပြည့်စုံလာပါက ဤအစီအစဉ်မှတဆင့် အနာဂတ်ကာလတွင် အများအသုံးပြုနိုင်သော တိုင်ကြားမှုတုံ့ပြန်ရေးယန္တရား (CRM) တစ်ခုအဖြစ်သို့ ဖွံ့ဖြိုးတိုးတက်သွားပါလိမ့်မည်။

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/<br>ပါဝင်ကူညီသူများ | အချိန်ဇယား | အခြေအနေ/<br>မှတ်ချက် | ဦးစားပေး (၁-၃) |
|---|---|---|---|---|---|---|
| ၁။ စုပေါင်းတာဝန်ခံယူမှုရှိခြင်း | ၁-၁ အချက်အလက်များကို စုစည်းပေးပြီး၊ စုဆောင်းရရှိသော တုံ့ပြန်ချက်များကို | ၁-၁-၁ ရပ်ရွာလူထုအတွက် ဟစ်သံစင်မြင့်တစ်ခုကို တည်ထောင်၍ (AAP/CE လုပ်ငန်းအဖွဲ့ အပါအဝင်) လူသားချင်းစာနာရေးအဖွဲ့အစည်းများ အကြားတွင် ယင်းစနစ်အား အသုံးပြုရန် မြှင့်တင်ပေးခြင်း။ | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM | Q2-Q3 | | ၁ |

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/ ပါဝင်ကူညီသူများ | အချိန် ဇယား | အခြေအနေ/ မှတ်ချက် | ဦးစား ပေး (၁-၃) |
|---|---|---|---|---|---|---|
| | ဖော်ပြပေးသည့် ရပ်ရွာလူထုဟစ်သံစင်မြင့် (အများသုံးအချက်အလက်များ) တစ်ခုကို တည်ထောင်ခြင်း | အဖွဲ့အစည်းများနှင့် ကဏ္ဍအစုအဖွဲ့များက စုဆောင်းကောက်ယူနေသည့် အချက်အလက်များကို အခြေခံလျှက် AAP/CE အတွက် အများသုံး အချက်အလက်များ (common data points) ကို သတ်မှတ်၍ သဘောတူညီခြင်း။<br>ဤအများသုံးစနစ်သည် တုံ့ပြန်ချက်ပေးခြင်း၊ တိုင်ကြားခြင်းနှင့် PSEA အစီရင်ခံခြင်းတို့ကို ကူညီပေးပါလိမ့်မည်။ | Officer, AAP/CE WG အဖွဲ့ဝင်များ | | | |
| | | ၁-၁-၂ ရပ်ရွာလူထုအတွက်ဟစ်သံစင်မြင့် အစီအစဉ်ကို နားလည်၍ ပူးပေါင်းပါဝင်နိုင်စေရန်အတွက် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများကို (အထူးသဖြင့် ရပ်ရွာလူထုနှင့် အနီးကပ် လုပ်ငန်းဆောင်ရွက်နေသည့် ဒေသန္တရ မိတ်ဖက်အဖွဲ့များကို) တာဝန်ခံယူမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | Q2-Q4 မှစ၍ | | ၁ |

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/ ပါဝင်ကူညီသူများ | အချိန် ဇယား | အခြေအနေ/ မှတ်ချက် | ဦးစား ပေး (၁-၃) |
|---|---|---|---|---|---|---|
| | | နည်းပညာအကူအညီပေးခြင်းနှင့် စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရန် ကူညီပေးခြင်း။ | | | | |
| | | ၁-၁-၃ အချက်အလက်များကို မြင်သာသော ပုံစံများ ဖြင့် ထုတ်ပေးနိုင်သည့် ရိုးရှင်းသော Power BI စနစ် တစ်ခုကို ဖော်ထုတ်၍ အများသို့မျှဝေမည့် လစဉ် အချက်အလက်စာစောင် (fact sheet) ထုတ်ဝေရာ တွင် အသုံးပြုခြင်း။ | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - နိုင်ငံ အဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | Q2 မှစ၍ | | ၁ |
| | ၁-၂ စုပေါင်းအချက် အလက်ရင်းမြစ်များကို စဉ်ဆက်မပြတ်အသုံး ပြုခြင်းနှင့် တိုးတက် အောင် လုပ်ဆောင်ခြင်း | ၁-၂-၁ ရပ်ရွာလူထုအတွက် ဟစ်သံစင်မြင့်အစီအစဉ် တွင် ထည့်သွင်းနိုင်ရန်အတွက် ပူးပေါင်းပါဝင်သည့် အဖွဲ့အစည်းများထံမှ အများသုံးအချက်အလက်များကို လစဉ် စုစည်းနိုင်ရေးအတွက် ကူညီပေးခြင်း။ | ဦးဆောင်သူ - AAP Specialist<br>ပါဝင်ကူညီသူများ - နိုင်ငံ အဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | Q3 မှစ၍ | | ၁ |
| | | ၁-၂-၂ ရပ်ရွာလူထုအတွက် ဟစ်သံစင်မြင့်အစီအစဉ် ကို သုံးလတစ်ကြိမ်ပြန်လည်သုံးသပ်၍ | ဦးဆောင်သူ - AAP Specialist | Q3 မှစ၍ | | ၂ |

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/ ပါဝင်ကူညီသူများ | အချိန်ဇယား | အခြေအနေ/ မှတ်ချက် | ဦးစားပေး (၁-၃) |
|---|---|---|---|---|---|---|
| | | တိုးတက်မှုများ ကို AAP/CE လုပ်ငန်းအဖွဲ့နှင့် ဆွေးနွေးခြင်း။ | ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | | | |
| | | ၁-၂-၃ စုပေါင်းအချက်အလက်များ၏ လားရာလမ်းကြောင်းများကို စဉ်ဆက်မပြတ်ပြန်လည်သုံးသပ်၍ (ICCG/HCT အပါအဝင်) သက်ဆိုင်ရာ အကျိုးသက်ဆိုင်သူများသို့ မျှဝေပေးခြင်း။ | ဦးဆောင်သူ - AAP Specialist ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | စဉ်ဆက်မပြတ် | | ၂ |
| | ၁-၃ စုပေါင်းနည်းလမ်းကို ကူညီပေးမည့် အဓိက ဆက်သွယ်ရန် ပုဂ္ဂိုလ်/အဖွဲ့အား သတ်မှတ်ခြင်း | ၁-၃-၁ သက်ဆိုင်သည့် အဖွဲ့အစည်းများထံမှ AAP ရင်းမြစ်များကို ရယူရန်နှင့် ဤရင်းမြစ်များကို MIMU နှင့် AAP/CE လုပ်ငန်းအဖွဲ့အစည်းအဝေးများမှတဆင့် မျှဝေရန်အတွက် အဓိကဆက်သွယ်ရန်ပုဂ္ဂိုလ်/ အဖွဲ့ တစ်ခုကို ထားရှိခြင်း။ ရင်းမြစ်များဟုဆိုရာတွင် ရပ်ရွာလူထုအတွက် ဟစ်သံစင်မြင့် အစီအစဉ်တွင် စုဆောင်းရရှိထားခြင်း မရှိသေး သည့် အသုံးဝင်သော | ဦးဆောင်သူ - AAP Specialist<br>ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | စဉ်ဆက်မပြတ် | | ၁ |

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/ ပါဝင်ကူညီသူများ | အချိန် ဇယား | အခြေအနေ/ မှတ်ချက် | ဦးစား ပေး (၁-၃) |
|---|---|---|---|---|---|---|
| | | အချက်အလက်လားရာ လမ်း ကြောင်းများ၊ datasets များ၊ လေ့လာဆန်းစစ်မှုများ၊ အစီရင်ခံစာများနှင့် စာရွက်စာတမ်းများ ပါဝင်နိုင်ပါ သည်။ | | | | |
| ၂။ ပေါင်းစပ် ညှိနှိုင်းခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း | ၂-၁ အဖွဲ့အစည်းများ၏ လက်ရှိ AAP လုပ်ငန်း စဉ်များနှင့် ယင်းတို့အား အသုံးပြုသည့် နည်း လမ်းများကို လေ့လာ ခြင်းနှင့် စုပေါင်းတာဝန် ခံယူမှု ပိုမိုဖန်တီးနိုင်ရေး အတွက် ၎င်းလုပ်ငန်း စဉ်များအား အခြေခံ၍ တည်ဆောက်ခြင်း | ၂-၁-၁ လက်ရှိအသုံးပြုနေသည့် ရပ်ရွာလူထုအတွက် အကြံပြုလုပ်ငန်းစဉ်များ (CFMs) ကို ဆက်လက် လေ့လာခြင်း။<br>၂၀၁၇ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် နိုင်ငံအဆင့် စစ်တမ်းများ နှင့် ၂၀၂၂ ခုနှစ် အတွေ့အကြုံမှ ထုတ်နုတ်ရယူထား သော သင်ခန်းစာများကို အခြေခံတည်ဆောက်ခြင်း။ | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - နိုင်ငံ အဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | Q2 မှစ၍ | | ၂ |
| | | ၂-၁-၂ ရခိုင်တွင် ဆောင်ရွက်ခဲ့သည့် AAP လေ့လာမှု (AAP mapping) ကို သရုပ်ခွဲဆန်းစစ်သုံးသပ်၍ အခြားဒေသများတွင် အသုံးချနိုင်မည့် စံပြုပုံစံတစ်ခု တည်ထောင်ခြင်း။ | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - နိုင်ငံ အဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | Q2 မှစ၍ | | ၂ |
| | | ၂-၁-၃ စံပြုပုံစံအသစ်ကို အသုံးပြု၍ အနောက် မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်း | ဦးဆောင်သူ - AAP Specialist | Q2 မှစ၍ | | ၂ |

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/ ပါဝင်ကူညီသူများ | အချိန်ဇယား | အခြေအနေ/ မှတ်ချက် | ဦးစားပေး (၁-၃) |
|---|---|---|---|---|---|---|
| | | တို့တွင် AAP လေ့လာမှုများ (AAP Mapping) ဆောင်ရွက်ခြင်း။ | ပါဝင်ကူညီသူများ - ဧရိယာအလိုက် ဦးဆောင်သူများ၊ နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး | | | |
| | ၂-၂ လွှဲပြောင်းပေးအပ်မှုများ (Referrals) | ၂-၂-၁ ကဏ္ဍအစုအဖွဲ့တစ်ခုချင်းစီအတွက် AAP ဦးတည်ပုဂ္ဂိုလ်များ သတ်မှတ်ခြင်း။ | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - AAP/CE လုပ်ငန်းအဖွဲ့မှ ပူးတွဲဥက္ကဋ္ဌများ | Q2 | ၂၀၂၃ မတ်လတွင် ကဏ္ဍစု (၆)စုက အတည်ပြုပြီး။ | ၁ |
| | ၂-၃ AAP/CE လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများကို ဆက်လက်ပြုလုပ်ခြင်းနှင့် ဆက်စပ်ဖိုရမ်များတွင် ကိုယ်စားပြု ပါဝင်ခြင်း | ၂-၃-၁ AAP/CE လုပ်ငန်းအဖွဲ့အစည်းအဝေးများကို လစဉ်ပြုလုပ်ခြင်း။ အစည်းအဝေးအစီအစဉ်များကို ပူးတွဲဥက္ကဋ္ဌများက သတ်မှတ်ရန်နှင့် စီမံခန့်ခွဲရေး (ဖိတ်ကြားလွှာ ပေးပို့ခြင်း၊ မှတ်တမ်းယူခြင်း၊ စာရွက်စာတမ်းများကို MIMU တွင် အင်တာနက်တင်ခြင်း) ကို OCHA က ဆောင်ရွက် ရန် ဖြစ်သည်။ | ဦးဆောင်သူ - AAP/CE လုပ်ငန်းအဖွဲ့ ပူးတွဲဥက္ကဋ္ဌများ၊ OCHA<br><br>ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | လစဉ် | | ၁ |

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/ ပါဝင်ကူညီသူများ | အချိန်ဇယား | အခြေအနေ/ မှတ်ချက် | ဦးစားပေး (၁-၃) |
|---|---|---|---|---|---|---|
| | | ၂-၃-၂ သက်ဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့များတွင် ပူးပေါင်းပါဝင်ရန် AAP/CE လုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ် ထည့်သွင်းခြင်း။<br><br>AAP/CE လုပ်ငန်းအဖွဲ့အစည်းအဝေးများသို့ တက်ရောက်၍ လက်ရှိ အခြေအနေများကို ထောက်ပံ့ပေးရန်အတွက် ဌာအုပ်စုများမှ ကိုယ်စားလှယ်များအား ဖိတ်ကြားခြင်း။<br><br>AAP/CE နှင့်ပတ်သက်သည့် အတွေ့အကြုံများ၊ သင်ခန်းစာများကို မျှဝေပေးရန် အဖွဲ့ဝင်အဖွဲ့အစည်းများအား တိုက်တွန်းအားပေးခြင်း။ | PSEA ကွန်ရက်၊ GiHA, Protection, ALWG, ERP WG, HCG, RCCE, ရခိုင် CwC, ပြည်နယ်တိုင်းအဆင့် AAP, မသန်စွမ်းသူအားလုံးပါဝင်စေရေး နည်းပညာအကြံပေးအဖွဲ့ | အစည်းအဝေး ပြုလုပ်ချိန်တိုင်း | | ၂ |
| ၃။ သတင်း အချက်အလက်များကို စုပေါင်းဖန်တီးခြင်း | ၃-၁ ရပ်ရွာလူထုနှင့် ဆက်သွယ်ပြောကြားခြင်း/သတင်းအချက်အလက်ဖြန့်ဝေပေးခြင်း | ၃-၁-၁ သီးသန့်နေရာများ/တုံ့ပြန်လုပ်ငန်းများရှိ ဘေးဒဏ်ခံပြည်သူများအတွက် အဓိက ပူးတွဲသတင်းစကားများဖော်ထုတ်ခြင်းနှင့် ယင်းသတင်းစကားများအား လက်ခံရရှိမှုကို အကဲဖြတ်ခြင်း။ | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - HCG | လိုအပ်သကဲ့သို့ | | ၂ |

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/ ပါဝင်ကူညီသူများ | အချိန် ဇယား | အခြေအနေ/ မှတ်ချက် | ဦးစား ပေး (၁-၃) |
|---|---|---|---|---|---|---|
| | | ၃-၁-၂ စွမ်းဆောင်ရည်နှင့် အရည်အချင်းအမျိုးမျိုးတို့ကို ထည့်သွင်းစဉ်းစားထားသည့် ပုံစံများဖြင့် ပြင်ဆင်ထားသော သင့်တော်သော သတင်းစကားများကို ထုတ်ပြန်ခြင်း | ဦးဆောင်သူ - AAP Specialist<br>ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | လိုအပ်သကဲ့သို့ | | ၂ |
| | | ၃-၁-၃ လူသားချင်းစာနာမှုဆိုင်ရာပါဝင်သူများနှင့် ကြိုတင်ချိတ်ဆက်မှုနည်းပါးသည့် ပြည်သူများက မိမိတို့၏ အခွင့်အရေးများအကြောင်းကို သိရှိ၍ မိမိတို့လက်ခံရရှိသော အကူအညီအပေါ် မည်သို့တုံ့ပြန်အကြံပြုချက် ပေးနိုင်မည်ကို သိရှိကြောင်း သေချာအောင်ဆောင်ရွက်ခြင်းအားဖြင့် "ဘေးဒဏ်ခံဧရိယာအသစ်များ"တွင် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများကို ပံ့ပိုးကူညီပေးခြင်း။ | ဦးဆောင်သူ/ ပါဝင်ကူညီသူများ - AAP/CE WG အဖွဲ့ဝင်များ | လိုအပ်သကဲ့သို့ | | ၂ |
| | | ၃-၁-၄ အဖွဲ့တွင်း AAP စနစ်များ ခိုင်မာအားကောင်းစေရေးအတွက် အဖွဲ့အစည်းငယ်များ (NGOs/CSOs) ကို ကူညီပေးခြင်းနှင့် ကိုယ်စားလှယ်များအား AAP | ဦးဆောင်သူ - AAP Specialist | လိုအပ်သကဲ့သို့ | | ၃ |

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/ ပါဝင်ကူညီသူများ | အချိန်ဇယား | အခြေအနေ/ မှတ်ချက် | ဦးစားပေး (၁-၃) |
|---|---|---|---|---|---|---|
| | | ဦးဆောင်သူများဖြစ်လာစေရေးအတွက် လုပ်ပိုင်ခွင့်ပေးခြင်း။ | ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | | | |
| | ၃-၂ အဖွဲ့အစည်းများအကြားတွင် ရင်းမြစ်များကို ဖန်တီးခြင်းနှင့် ဆက်လက်ထိန်းသိမ်းထားခြင်း | ၃-၂-၁ MIMU ဝဘ်ဆိုဒ်ရှိ လက်ရှိ AAP/CE စာရွက်စာတမ်းများကို ပြန်လည်သုံးသပ်၍ နောက်ဆုံးရအချက်များဖြင့် မွမ်းမံခြင်း။<br><br>အဓိကသတင်းအချက်အလက်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာလုံးဖြင့် MIMU ဝဘ်ဆိုဒ်တွင် ဆက်လက်တင်ပြနေခြင်း။ | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | Q2 | | ၂ |
| | ၃-၃ နမူနာများကို စာရွက်စာတမ်းပြုစုထားခြင်း | ၃-၃-၁ ကောင်းမွန်သော လုပ်နည်းလုပ်ဟန်ဆိုင်ရာ ဇာတ်လမ်းများကို မျှဝေပေးရန်အတွက် သတ်မှတ်ဖော် ထုတ်ခြင်းနှင့် စာရွက်စာတမ်းပြုစုခြင်း။ ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်မှု တိုးတက်စေရေး ကို မြှင့်တင်ပေးသည့် | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | စဉ်ဆက်မပြတ် | | ၂ |

| **ToR နှင့် ကိုက်ညီမှု** | **လုပ်ငန်းနယ်ပယ်** | **လုပ်ငန်းဆောင်ရွက်ချက်** | **ဦးဆောင်သူ/ ပါဝင်ကူညီသူများ** | **အချိန်ဇယား** | **အခြေအနေ/ မှတ်ချက်** | **ဦးစားပေး (၁-၃)** |
|---|---|---|---|---|---|---|
| | | အကြောင်းအရာများအား ဖော်ထုတ်မှုကို ကူညီပေးခြင်း။ | | | | |
| ၄။ နည်းပညာ ကျွမ်းကျင်မှု ထောက်ပံ့ပေးခြင်း | ၄-၁ AAP/CE လိုအပ်ချက်များနှင့် လူသားချင်း စာနာမှုလုပ်ငန်းမှ မေတ္တာရပ်ခံချက်များကို တုံ့ပြန်ဆောင်ရွက်ခြင်း | ၄-၁-၁ AAP/CE လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ခြင်း - WG အဖွဲ့ဝင်များက နည်းပညာဆိုင်ရာ အကြံပြုချက်များနှင့် သွင်းအားစုများကို ထောက်ပံ့ပေး ရန်ဖြစ်သည်။ | ဦးဆောင်သူ - AAP Specialist<br><br>ကူညီခြင်း - နိုင်ငံအဆင့် AAP ညှိနှိုင်းရေး မှူး၊ IM Officer, AAP/CE WG အဖွဲ့ဝင်များ | လိုအပ်သကဲ့သို့ | | ၂ |
| ၅။ စွမ်းဆောင်ရည် ခိုင်မာအားကောင်း စေခြင်း | ၅-၁ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေခြင်းလုပ်ငန်းနှင့် သင်တန်းများကို စဉ်ဆက်မပြတ် ပြုလုပ်ခြင်း | ၅-၁-၁ နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူးနှင့် IM Officer တို့က အောက်ပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ကူညီပေးခြင်း -<br>• အဖွဲ့အစည်းများအကြားရှိ လက်ရှိ AAP/CE သင်တန်းစာရွက်စာတမ်းများကို ပြန်လည်သုံးသပ်၍ သက်ဆိုင်မှုရှိနေသေးကြောင်း သေချာအောင် ပြုလုပ်ခြင်း။ | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | ခန့်အပ်ပြီးနောက်ပိုင်း | ၂၀၂၃ မတ်လတွင် ခန့်အပ်ခြင်း အဆင့် တွင်ရှိသည် | ၁ |

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/ ပါဝင်ကူညီသူများ | အချိန်ဇယား | အခြေအနေ/ မှတ်ချက် | ဦးစားပေး (၁-၃) |
|---|---|---|---|---|---|---|
| | | • မိတ်ဖက်အဖွဲ့များ၏ ကျွမ်းကျင်မှု/အသိပညာ ကွာဟချက်များကို လေ့လာဆန်းစစ်၍ သင့်တော်သော စွမ်းဆောင်ရည်ခိုင်မာအားကောင်းစေရေး ဖြေရှင်းနည်းများကို ဖော်ထုတ်ခြင်း။<br>• မိတ်ဖက်အဖွဲ့များက မိမိတို့အဖွဲ့အတွင်း AAP/CE လုပ်ငန်းများတိုးတက်အောင်လုပ်ဆောင်နိုင်ရန် ကူညီပေးခြင်းနှင့် လုပ်ပိုင်ခွင့်ပေးခြင်း။<br>• ရပ်ရွာလူထုအတွက် ဟစ်သံစင်မြင့်အစီအစဉ်အား အသုံးပြုနိုင်ရေးအတွက် သင်တန်းများပေးခြင်း။ | | | | |
| | | ၅-၁-၂ မြန်မာတစ်နိုင်ငံလုံးရှိ ဦးစားပေးမြင့်မားသော နေရာများတွင် အဖွဲ့အစည်းများအကြား AAP သင်တန်းပေးခြင်းလုပ်ငန်းများကို ပံ့ပိုးကူညီပေးခြင်း အပါအဝင်၊ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်စတင် ဆောင် | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM | Q2 | | ၂ |

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/ ပါဝင်ကူညီသူများ | အချိန် ဇယား | အခြေအနေ/ မှတ်ချက် | ဦးစား ပေး (၁-၃) |
|---|---|---|---|---|---|---|
| | | ရှက်နိုင်ရန် AAP/CE WG အဖွဲ့ဝင်များနှင့် ပူးတွဲ အလုပ်လုပ်ခြင်း။ | Officer, AAP/CE WG အဖွဲ့ဝင် များ | | | |
| | | ၅-၁-၃- ၂၀၂၀ ခုနှစ်စစ်တမ်းကို အသုံးပြု၍ ၂၀၂၃ ခုနှစ်တွင် AAP/CE စွမ်းဆောင်ရည်ခိုင်မာအားကောင်းစေခြင်းအတွက် ဦးစားပေးခေါင်းစဉ်များကို ဖော်ထုတ်ခြင်း။<br>ဤလုပ်ငန်းတွင် AAP အကောင်အထည်ဖော်ခြင်းမှ ပေါ်ထွက်လာသည့် ပြဿနာများအား အဆင့်တူချင်း ကူညီဖြေရှင်းပေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့လည်း ပါဝင်နိုင်သည်။ | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | Q2 | | ၂ |
| | | ၅-၁-၄ AAP/CE လုပ်ငန်းစဉ်များအားလုံးကို ကလေးငယ်များ၊ မသန်စွမ်းသူများကဲ့သို့သော မိမိကိုယ်တိုင် တိုက်တွန်းလှုံ့ဆော်မှုမပြုလုပ်နိုင်သည့် ပြည်သူများ၏ လိုအပ်ချက်များအတွက် သင့်တော်ကြောင်းနှင့် အသေးစိတ်ပြင်ဆင်ထားကြောင်း သေချာစေခြင်း။ | ဦးဆောင်သူ - AAP Specialist<br>ပါဝင်ကူညီသူများ - Child Protection AoR, TAG on Disability Inclusion, နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး | Q2 | | ၁ |

Accountability to Affected Populations and Community Engagement Working Group, Myanmar
ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့်လက်တွဲလုပ်ဆောင်ရေး လုပ်ငန်းအဖွဲ့

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/ ပါဝင်ကူညီသူများ | အချိန်ဇယား | အခြေအနေ/ မှတ်ချက် | ဦးစားပေး (၁-၃) |
|---|---|---|---|---|---|---|
| ၆။ နည်းလမ်းများ နှင့် ညွှန်းကိန်းများ | ၆-၁ လူသားချင်း စာနာမှုဆိုင်ရာ အစီအစဉ်စက်ဝန်း (HPC) | ၆-၁-၁ AAP ညွှန်းကိန်းများကို စောင့်ကြည့်စစ်ဆေးရန် ရိုးရှင်းသော နည်းစနစ်တစ်ခုကို ဖော်ထုတ်၍ လူသားချင်းစာနာမှုအသိုက်အဝန်းတွင် ယင်းစနစ်ကို ဖြန့်ဝေပေးရေးအတွက် လျှင်မြန်သော ရည်ညွှန်းလမ်းညွှန်ချက်တစ်ခုအဖြစ် ရှင်းလင်းတင်ပြခြင်း။ | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | ၂၀၂၃ ခုနှစ် အလယ် | | ၁ |
| | | ၆-၁-၂ HPC အစီရင်ခံခြင်းလုပ်ငန်းစဉ်တွင် သွင်းအားစုများကို စုစည်းပြီး၊ ပြန်လည်သုံးသပ်၍ ထောက်ပံ့ပေးခြင်း။<br>AAP သွင်းအားစုများကို စုစည်း၊ သုံးသပ်၍ ၂၀၂၃ နှစ်လယ် HRP အစီရင်ခံစာ၊ HNO နှင့် ၂၀၂၄ ခုနှစ် HRP တို့တွင် ထောက်ပံ့ပေးခြင်း။ | ဦးဆောင်သူ - AAP Specialist<br><br>ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | ၂၀၂၃ ခုနှစ် အလယ် | | ၂ |
| ၇။ ပူးတွဲဆန်းစစ် လေ့လာမှုများကို ပေါင်းစပ်ညှိနှိုင်း ခြင်း | ၇-၁ အဖွဲ့အစည်းများ အကြား လက်ရှိ လေ့လာဆန်းစစ်မှုများ | ၇-၁-၁ အဖွဲ့အစည်းများအကြား သို့မဟုတ် တစ်ဖွဲ့ချင်းဆောင်ရွက်သည့် လိုအပ်ချက်ဆန်းစစ်မှုများနှင့် စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းများတွင် AAP/CE သွင်းအားစုများကို ထောက်ပံ့ပေးခြင်း။ | ဦးဆောင်သူ/ပါဝင်ကူညီသူ များ - AAP/CE WG အဖွဲ့ဝင်များ/ HRP မိတ်ဖက်အဖွဲ့အစည်းများ | လိုအပ် သကဲ့သို့ | | ၃ |

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/ ပါဝင်ကူညီသူများ | အချိန် ဇယား | အခြေအနေ/ မှတ်ချက် | ဦးစားပေး (၁-၃) |
|---|---|---|---|---|---|---|
| | တွင် သွင်းအားစုများ ထည့်သွင်းပေးခြင်း | AAP/CE ကို သက်ဆိုင်ရာ အစီရင်ခံစာများကို တပြေးညီ ထင်ဟပ်ဖော်ပြထားကြောင်း သေချာစေခြင်း။ | | | | |
| | | ၇-၁-၂ ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် ဆန်းစစ်လေ့လာမှုများတွင် အရည်အသွေးပြ အချက်အလက်များဖြင့် ပါဝင်ကူညီပေးခြင်း။ | ဦးဆောင်သူ/ပါဝင်ကူညီသူများ - AAP/CE WG အဖွဲ့ဝင်များ၊ HRP မိတ်ဖက်အဖွဲ့များ | လိုအပ်သကဲ့သို့ | | ၃ |
| | ၇-၂ ကဏ္ဍစုံ လိုအပ်ချက် ဆန်းစစ်ခြင်း (MSNA) နှင့် သဘောထားအမြင်စစ်တမ်းများ | ၇-၂-၁ အဖွဲ့အစည်းများအကြား သဘောထားအမြင်စစ်တမ်းများ - နည်းစနစ်ကို ကြိုတင်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ အစီရင်ခံစာကို မျှဝေခြင်း | ဦးဆောင်သူ/ပါဝင်ကူညီသူများ - AAP/CE WG အဖွဲ့ဝင်များ၊ HRP မိတ်ဖက်အဖွဲ့အစည်းများ | လိုအပ်သကဲ့သို့ | | ၂ |
| | | ၇-၂-၂ ၂၀၂၃ MNSA တွင် AAP နှင့်ပတ်သက်သည့် မေးခွန်းများ ထည့်သွင်းရန် အကြံပြုခြင်း။ | ဦးဆောင်သူ - AAP Specialist<br>ပါဝင်ကူညီသူများ - AAP/CE WG အဖွဲ့ဝင်များ | Q1 | ၂၄/၃ နေ့ အစည်းအဝေး | ၂ |
| ၈။ တိုက်တွန်းလှုံ့ဆော်ခြင်းနှင့် လွှမ်းမိုးခြင်း | ၈-၁ စုပေါင်းတာဝန်ခံယူမှုစနစ်များအတွက် တိုက်တွန်းလှုံ့ဆော်ခြင်း | ၈-၁-၁ လိုအပ်ပါက တိုက်တွန်းလှုံ့ဆော်ခြင်းအတွက် အဓိကအကြံပြုချက်များနှင့်အတူ လက်ရှိအခြေအနေများအား HCT/UNCT သို့ ထောက်ပံ့ပေးခြင်း။ | ဦးဆောင်သူ - OCHA | လိုအပ်သကဲ့သို့ | | ၃ |

| ToR နှင့် ကိုက်ညီမှု | လုပ်ငန်းနယ်ပယ် | လုပ်ငန်းဆောင်ရွက်ချက် | ဦးဆောင်သူ/ ပါဝင်ကူညီသူများ | အချိန်ဇယား | အခြေအနေ/ မှတ်ချက် | ဦးစားပေး (၁-၃) |
|---|---|---|---|---|---|---|
| | | | ပါဝင်ကူညီသူများ - AAP Specialist | | | |
| | | ၈-၁-၂ အဖွဲ့အစည်းများအကြားတွင် လက်ရှိ တိုက်တွန်းလှုံ့ဆော်ရေးလုပ်ငန်းများ၌ AAP/CE ကို ပိုမိုပေါင်းစပ်ထည့်သွင်းရန်အတွက် တိုက်တွန်း လှုံ့ဆော်ခြင်း။ | ဦးဆောင်သူ - OCHA ပါဝင်ကူညီသူများ - INGO ဖိုရမ်၏ လူသားချင်းစာနာမှု တိုက်တွန်းလှုံ့ဆော်ရေး Workstreams များ၊ မိတ်ဖက် NGO အဖွဲ့များ၏ ဒေသန္တရ ကွန်ရက်များ | ရေရှည် ရည်ရွယ်ချက် | | ၃ |
| | | ၈-၁-၃ လူသားချင်းစာနာမှုလုပ်ငန်းများအတွင်း AAP/CE ဆိုင်ရာ သတင်းအချက်အလက်များအား မျှဝေခြင်းအားလုံးတွင် သတင်းအချက်အလက် မျှဝေရေးစည်းမျဉ်း (ISP) ကို ကျင့်သုံးခြင်း။ | ဦးဆောင်သူ - AAP Specialist ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | ရေရှည် ရည်ရွယ်ချက် | | ၃ |

| **ToR နှင့် ကိုက်ညီမှု** | **လုပ်ငန်းနယ်ပယ်** | **လုပ်ငန်းဆောင်ရွက်ချက်** | **ဦးဆောင်သူ/ ပါဝင်ကူညီသူများ** | **အချိန်ဇယား** | **အခြေအနေ/ မှတ်ချက်** | **ဦးစားပေး (၁-၃)** |
|---|---|---|---|---|---|---|
| | | ၈-၁-၄ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ IASC AAP ဘုံမူဘောင်နှင့် ရလဒ်စစ်ဆေးခြင်း (IASC AAP Collective Framework and Results Tracker) ကို လက်ခံ၍ အကောင်အထည်ဖော်ရန်အတွက် လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးကို ကူညီပေးခြင်း။ | ဦးဆောင်သူ - AAP Specialist<br>ပါဝင်ကူညီသူများ - နိုင်ငံအဆင့် AAP ညှိနှိုင်းရေးမှူး၊ IM Officer | ရေရှည်ရည်ရွယ်ချက် | | ၃ |